ခန္ဓီကျေးရွာ

ပုလောမြို့နယ်၊ မြိတ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခန္ဓီကျေးရွာ၊ ပုလောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုလောမြို့နယ်နှင့် ဦးကောင်းမြတ် -

LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ခန္ဓီကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၂၄
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၂
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၄
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း

တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခန့်ကျေးရွာ

ပုလောမြို့နယ်


ခန္ဓီကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်



ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တောင်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း	မှတ်ချက်
ရာသီဥတု	မိုးဦး	မိုးဦး	မိုးများ	မိုးများ	မိုးများ	မိုးအသင့်တင့်/နေပူ	ဆောင်းမိုးမရွာ	ဆောင်းမိုးမရွာ	ဆောင်းမိုးမရွာ	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	ပူပြင်းခြောက်သွေ့	
အလုပ်အကိုင်	ဥယျာဉ်	စပါး ဥယျာဉ်	စပါး ဥယျာဉ်	စပါး ဥယျာဉ်	စပါး ဥယျာဉ်	စပါး ဥယျာဉ်	ရေ၊ ဥယျာဉ်	ရေ၊ ဥယျာဉ်	ရေ၊ ဥယျာဉ်	ရေ၊ ဥယျာဉ်	ရေ၊ ဥယျာဉ်	ရေ၊ ဥယျာဉ်	
လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	
အသုံးစရိတ်	သင့်	နည်း	နည်း	နည်း	သင့်	သင့်	များ	များ	များ	များ	များ	များ	
ချေးငွေလိုအပ်မှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	
ဝမ်းစာဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	
သောက်သုံးရေရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	
တိရစ္ဆာန်ရောဂါကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ကျန်းမာရေး(ဖျားနာခြင်း)	မရှိ	သင့်	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
သီးနှံရောဂါကျရောက်မှု	မရှိ	မရှိ	သင့်	သင့်	သင့်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	
ပွဲတော်များ	သင်္ကြန်	ရေသွန်းပွဲ	မရှိ	မရှိ	မရှိ	မရှိ	မီးထွန်းပွဲ	ကထိန်ပွဲ	မရှိ	မရှိ	မရှိ	မရှိ	
သဘာဝဘေး အန္တရာယ်ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	

အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ



ဥစ္စာဓနအဆင့် သတ်မှတ်ချက်

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၁၀၀	၁၀၀	၈၀

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ခန္ဓီကျေးရွာသည် ခန္ဓီကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ ခန္ဓီကျေးရွာအုပ်စုသည် ကပ္ပလီပင်လယ်အတွင်းရှိ ခန္ဓီကျွန်းပေါ်တွင် တည်ရှိပြီး ကျွန်း၏ အရှေ့ဘက်တွင် ပြည်ခြားကျေးရွာအုပ်စု၊ မြောက်ဘက်တွင် ကျောက်လုံးကြီးကျေးရွာအုပ်စု၊ အနောက်တောင်ဘက်တွင် ပြင်ဘုကြီးကျေးရွာအုပ်စုတို့နှင့် ပင်လယ်ရေလမ်းခရီးဖြင့် ဆက်သွယ်နိုင်ပါသည်။ ခန္ဓီကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက်ပျမ်းမျှ အမြင့် (၅-၁၂) ပေ အထက်တွင် တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ခန္ဓီကျေးရွာအုပ်စုသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၃၈.၅) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၈.၅) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ခန္ဓီကျေးရွာအုပ်စု၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅.၅၀) လက်မဖြစ်ပြီး၊ အနိမ့်ဆုံးမိုးရေချိန်မှာ (၁၂၀.၉၂) လက်မဖြစ်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ အရင်းအမြစ်များ မထွက်ရှိပါ။ ကျောက်၊ သဲနှင့် ကျောက်စရစ်များလည်း မထွက်ရှိပါ။ ကျေးရွာပတ်ဝန်းကျင်တွင် ဆေးဖက်ဝင်အပင်မျိုးများ အနည်းငယ် တွေ့ရှိရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ခန္ဓီကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၀၀) အိမ်ရှိပြီး လူဦးရေပေါင်း (၁၄၅၈) ဦး ရှိပါသည်။ ခန္ဓီကျေးရွာတွင် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိနေသော ရွာတစ်ရွာပင် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ေဂါပကအဖွဲ့၊ မေတ္တာမီးအိမ်လူမှုကူညီရေးအသင်း၊ နာရေးကူညီမှုအသင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ မိန်းမလတ်အဖွဲ့၊ ကာလသား ကာလသမီးအဖွဲ့၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

ခန္ဓီကျေးရွာတွင် ပက်မြန်မာနှင့် ချိတ်ဆက်၍ ဆိုလာမီနီဂရစ် တည်ဆောက်ရေးတွင် ထည့်ဝင်ရမည့် ငွေကြေးအတွက် ချေးယူကြသည်။ ဒီရေတော ထိန်းသိမ်းရေးအဖွဲ့မှလည်း ဝက်တစ်ကောင် (၅) သောင်းဖြင့် (၅) အိမ်အား ထောက်ပံ့ထား ပါသည်။ ကျန်ရှိသော ကဏ္ဍများပါ တိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ခန္ဓီကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၄၂) ဧက၊ ဥယျာဉ်ခြံမြေ (၇၀) ဧက၊ စုစုပေါင်း (၁၁၃) ဧက ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ ( ) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် ( ) အိမ် ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် ( ) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး ( ) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၇၈.၃%) ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။

စီးပွားရေးအနေဖြင့် အသင့်အတင့် ကောင်းမွန်သည်ဟု ဆိုနိုင်သော်လည်း ရေလုပ်ငန်းကို အခြေခံသော ရွာတစ်ရွာ ဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းသည် ရွာ၏ ဝမ်းစာဖူလုံမှုအတွက်သာ စိုက်ပျိုးနိုင်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှု မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါ ကျရောက်ခြင်းများ ရှိနေပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၅၅) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၁၂) စီးရှိပြီး၊ ခြွေလှေ့စက် (၂) လုံးနှင့် မြက်ရိတ်စက် (၁၀) လုံး ရှိပါသည်။ ကိုယ်ပိုင်စက်ကိရိယာ မရှိသူများက ငှားရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများကိုလည်း မြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။ သီးနှံမျိုးစေ့ မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေပါသည်။ စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှုရှိသဖြင့် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးစက် ကိရိယာများ မလုံလောက်ခြင်းများ ရှိနေပါသည်။ ခန္ဓီကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည်အသွေးမကောင်းခြင်း၊ စိုက်ပျိုးနည်းစနစ်အတိုင်း လိုက်ပါလုပ်ဆောင်နိုင်မှုအားနည်းခြင်း၊ စိုက်ပျိုးရေအရင်းအမြစ် အလွယ်တကူ မရရှိနိုင်ခြင်း၊ အထွက်ကောင်း သီးနှံမျိုးစေ့များ အလွယ်တကူမရရှိခြင်း၊ ပိုးမွှားရောဂါကျရောက်မှု အနည်းငယ်ရှိခြင်း၊ ဥယျာဉ်ခြံ စိုက်ပျိုးသူများအတွက် ချေးငွေမရရှိနိုင်ခြင်း စသည်တို့ရှိသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့်သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ခန္ဓီကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၀) အိမ်ရှိပြီး နွားကောင်ရေ (၂၀) ကောင်၊ အိမ်ထောင်စု (၁၀၀) အိမ်မှ ဝက် (၃၀၀) ကောင်၊ အိမ်ထောင်စု (၅၂) အိမ်မှ ကြက် (၉၅၀) ကောင် စသည်ဖြင့် စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စု နှစ်စုသာ ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြ ပါသည်။ ရေငန်ငါးဖမ်းခြင်း လုပ်ကိုင်နေသည့် အိမ်ထောင်စု (၈၅) စု ရှိပါသည်။

တစ်ပိုင်တစ်နိုင် ဝက်/ကြက်မွေးမြူရေးကိုသာ အဓိကအားထား လုပ်ကိုင်ကြပြီး အများစုမှာ ဒေသမျိုးများကိုသာ မွေးမြူကြပါသည်။ ထို့အပြင် တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ သိရှိမှုများ အားနည်းပြီး မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန် မရရှိပေ။ စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။ ရေသယံဇာတရှားပါးလာသည့်အတွက် ယခင်ကာလများနှင့် နှိုင်းစာလျှင် ဝင်ငွေရရှိမှု လျော့နည်းလာပါသည်။ ကမ်းဝေးဝါလက်ဖမ်းဆီးသူများသည် ကမ်းနီးတွင် လာရောက်

ဖမ်းယူမှုများကို တားမြစ်ထိန်းချုပ်မှုများ လုပ်ဆောင်ပေးစေလိုကြပါသည်။ ချောင်းအတွင်း ငါးမွေးမြူရေးလုပ်ကိုင်နိုင်ရန်အတွက် နည်းပညာများလည်း သိလိုကြပါ သည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ခန္ဓီကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးစိုက်၊ စပါးရိတ်၊ ရာသီအလိုက် ဥယျာဉ်လုပ်ငန်း၊ နေ့စား/လစား ပင်လယ်ငါးဖမ်းဆီးခြင်းလုပ်ငန်း စသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင် ကြပါသည်။ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သည် ဆန်၊ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကုန်စည်များ သယ်ယူပို့ဆောင်စရိတ် ကြီးမားသောကြောင့် အသားတင် အမြတ်ငွေ နည်းပါးပါသည်။ ထို့ကြောင့် ဆန်စပါးများရောင်းချလိုသည့်အခါ အခြားနီးစပ်ရာ ကျေးရွာများရှိ ဆန်ကုန်သည် များနှင့် ရောင်းချနေကြရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ခန္ဓီကျေးရွာတွင် လယ်ယာလုပ်ကိုင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်း ရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိက အားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်း မှာ (၁၀%) ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေ ကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထိုကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စ များအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ခန္ဓီကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စတွင် အသုံးပြုကြ ပါသည်။ လှေ၊ စက်လှေ (၈၈) စီးရှိပြီး ငါးဖမ်းလုပ်ငန်း အတွက် အဓိက အသုံးချလုပ်ဆောင်ကြပါသည်။ ဆိုင်ကယ်စီးရေမှာ (၂၅၀) စီး ရှိပါသည်။ ထော်လာဂျီ (၃) စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးတွင် ၎င်းတို့အား အဓိက အသုံးပြုကြ ပါသည်။ ခန္ဓီကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေး အနေဖြင့် မြစ်ကြောင်းကို အသုံးပြုရပါသည်။ ခန္ဓီလှေဆိပ်မှ (၁၅) မိနစ်လျှင်တစ်ကြိမ်၊ တစ်ဦး (၅၀၀) ကျပ် လှေခပေး ဆောင်ရပါသည်။

လွန်ခဲ့သော (၁၀) နှစ်ခန့်က ရေကြောင်းခရီးကို အဓိကထား အသုံးပြု ကြသော်လည်း ယခုအခါ ကူးတို့ဖြင့် တောင်ခေါင်းလောင်း-ကထောင်းနီလမ်းကို အသုံးပြုသူ များပြား လာပါသည်။ ကုန်းလမ်းခရီးကို ပိုမို အသုံးပြုနိုင်ခြင်းကြောင့် ပညာရေး၊ ကျန်းမာ ရေး၊ လူမှုရေးအဘက်ဘက်မှ မြင့်တက်လာပြီး ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာ ပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများဖြစ် ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ခန္ဓီကျေးရွာတွင် ရွာတွင်းလမ်း (၉) လမ်းရှိပြီး (၃) လမ်းမှာ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ထားပြီး ကျန် (၆) လမ်းမှာ မြေသားလမ်း ဖြစ်ပါသည်။ ခန္ဓီနှင့် ကုလားမ ခေါင်းကျေးရွာချင်းဆက်လမ်းမှာ (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာနမှ အဆင့်မြှင့် တင်ထားပြီး ဖြစ်ပါသည်။ ပြင်ကြီးနှင့် ရွာချင်းဆက်လမ်းမှာ မြေသားလမ်း ဖြစ်သောကြောင့် သွားလာ ရခက်ခဲပါသည်။ ကျေးရွာတွင် ဆိပ်ခံတံတား (၃၅၀'-၈') ကို အသစ်တည်ဆောက်ပေးထားပါသည်။ ကွန်ကရစ်တံတား (၆) စင်းမှာလည်း ကောင်းမွန် ပါသည်။ ပေါင်းကူးတံတား (၃) စင်းရှိပြီး (၂) စင်းမှာ (၆ပေ-၁၂ပေ) ပြုပြင်ရန်နှင့် အောင်ချမ်းသာနှင့် ကွက်သစ်အပိုင်းတွင် ရေပြွန် (၂) လုံး ဆောက်လုပ်ရန် လိုအပ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ခန္ဓီကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာ ပြည်သူများ၊ ကုမ္ပဏီတို့နှင့် ပူးပေါင်းဆောင်ရွက်ပေးသော အသေးစားဆိုလာဓာတ်အားပေးစနစ် ရှိလာ သောကြောင့် ကျေးရွာလုံးကျွတ် မီးလင်းရေးနှင့်ပတ်သက်၍ အခက်အခဲမရှိပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ခန္ဓီကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅၀၀) လုံး၊ ရေဒီယို (၆၄) လုံး၊ တီဗွီ (၂၀၀) လုံး၊ ဂြိုလ်တုစလောင်း (၂၀၀) လုံး စသည်တို့မှ ရရှိပါသည်။ သို့သော်လည်း ဖုန်းလိုင်းရရှိမှု အားနည်းသောကြောင့် သတင်းအချက်အလက်များကို အချိန်မီ မသိရှိရပါ။ ထို့ကြောင့် တာဝါတိုင်တစ်တိုင် တည်ဆောက်ရန်အတွက် သက်ဆိုင်ရာ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်တင်ပြလိုကြပါသည်။

၆။ ပညာရေး

ခန္ဓီကျေးရွာပိုင် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) တွင် အခြေခံပညာရေးကို သင်ကြားနိုင်ပြီး တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း ရာခိုင်နှုန်း အနည်းငယ် ရှိပါသည်။ ကျေးရွာတွင် အသက်ကြီးပိုင်း စာမတတ်သူ (၂) ဦးသာ ရှိပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့်လူဦးရေမှာ အများစုဖြစ်ပြီး (၅၇.၃၆%)၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၅.၇၅%)၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၁.၁၈%) နှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်သူမှာ (၅.၅၅%) တို့ရှိပါသည်။ ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ (၆၂၈) ဦးရှိပြီး အမျိုးသားဦးရေ ပိုများပါသည်။ ယခုအခါတွင် မိဘများမှ ပညာရေး ကဏ္ဍဖက်တွင် ဦးစားပေးလာကြသဖြင့် အနာဂတ်ကာလတွင် ကျေးရွာ၏ ပညာရည်တိုးတက်မှုများ ပိုမိုလာနိုင်ပါသည်။

ခန္ဓီကျေးရွာတွင် ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန် အတွက် ကျောင်းခြံစည်းရိုးကာရံရန် လိုအပ်နေပြီး သောက်သုံးရေကို ဘုန်းတော်ကြီးကျောင်းမှ သွယ်ယူထားရသည့်အတွက် စာသင်ကျောင်းအတွင်းတွင် အဝီစိတွင်း တူးဖော်လိုကြပါသည်။ စာသင်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေပြီး ကျောင်းအိမ်သာများ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့ ပြုလုပ်လိုကြပါသည်။

ခန္ဓီကျေးရွာ စာသင်ကျောင်းတွင် ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက် နည်းပါးပါသည်။ ကျောင်းအားကစား ဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု မရှိ သည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာ ကောင်းမွန်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ခန္တီကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိပြီး လိုအပ်သည့် ကာကွယ်ဆေးများအား လစဉ် ထိုးပေးလျက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေး ရောဂါများသည် မိုးရာသီတွင် အဖြစ်များသော်လည်း ကျေးရွာတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကုသကြသဖြင့် သက်သာပျောက်ကင်းကြပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်ရှိသော်လည်း ဆေးများကို စနစ် တကျသိုလှောင်ထားခြင်း အားနည်းပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် ပလောက်မြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှု ခံယူကြရပါသည်။

ခန္တီကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၅) တွင်းနှင့် အဝီစိတွင်း/ စက်တပ် (၁၂) တွင်းနှင့် စင်မြင့်ရေစင် (၆) ခုရှိပါသည်။ ကျေးရွာအတွင်း ပုဂ္ဂလိက ရေပေးဝေရေးရှိသဖြင့် တစ်နှစ်ပတ်လုံး ရေရရှိသော်လည်း ရေဖိုးအတွက် သုံးစွဲစရိတ် များပြားပါသည်။ ထို့ကြောင့် ကျေးရွာပိုင် အဝီစိတွင်း (၂) တွင်း တူးဖော်ပြီး တောင်ပေါ်တွင် ရေကန်တည်ဆောက်ကာ တစ်ရွာလုံး အရောက် ရေပိုက်လိုင်းသွယ်တန်း ဖြန့်ဝေသည့်စနစ်ကို လုပ်ဆောင်လိုကြပါသည်။

ခန္တီကျေးရွာတွင် သန့်ရှင်းသောအိမ်သာသုံးစွဲသည့် အိမ်ထောင်စု (၂၀၀) ရှိပြီး မြစ်ကမ်းနံဘေး နေထိုင်သည့်အိမ်များမှာ ယင်လုံအိမ်သာ တည်ဆောက်ချင်သော်လည်း မြစ်ရေတက်ချိန်တွင် ပိုက်များရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သော အနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ခန္တီကျေးရွာတွင် မိုးတွင်းကာလ မိုးသက်လေပြင်း တစ်ခါတစ်ရံ ကျ ရောက်သည်မှ လွဲ၍ သဘာဝဘေးအန္တရာယ် ကျရောက်မှု နည်းပါးပါသည်။ အကယ်၍ ဘေး အန္တရာယ် ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှု မရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျ မရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက် ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်လိုကြပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ခန္ဓီကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသား ဦးရေမှာ အတူတူပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန် တိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏ စိတ်ဓာတ် အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ခန္ဓီ			ကျေးရွာအမည် - ခန္ဓီ	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ် ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင် ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	စက်ကိရိယာ	လယ်ယာသုံး စက်ကိရိယာများ အရစ်ကျဝယ်ယူနိုင်ရန် ချိတ်ဆက်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး (ရေငံ)	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများ (ရေငန်ငါး) နှင့် ပန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက် ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	ဖမ်းဆီးခြင်း (ရေငံ)	ကမ်းဝေးဝါလက်ဖမ်းဆီးသူများ ကမ်းနီးတွင် လာရောက်ဖမ်းယူခြင်းမပြုနိုင်ရန် တားမြစ် ကာကွယ်ပေးခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်း ကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊	

ကျေးရွာအုပ်စုအမည် - ခန္ဓီ			ကျေးရွာအမည် - ခန္ဓီ	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ်များ	
	လုပ်ငန်းများဆိုင်ရာ		စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၂	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၃	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ် ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၄	ပညာရေး	ပညာအရည်အသွေး	အထက်တန်း အောင်နှုန်းကောင်းလာစေရန် မိဘ၊ ဆရာတို့ ပူးပေါင်း လုပ်ဆောင်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆောင် ပင်မဆောင် (၃၀' - ၁၂၀') သွပ်လဲ၊ မျက်နှာကြက်လို၊ တံခါးပြင်ဆင် ခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆောင် ရဲတံခွန်ဆောင် (၃၀' - ၁၂၀') မျက်နှာကြက်လို၊ နံရံ အချောကိုင်ရန်လို၊ တံခါး တပ်ဆင်ခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	သီဟသူရကျောင်းဆောင် (၃၀' - ၁၂၀') မျက်နှာကြက် ပြုလုပ်ခြင်း၊ နံရံ အချောကိုင်ခြင်း နှင့် သွပ်ပြားများ လဲလှယ်ခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းအိမ်သာ (၃) ခန်းတွဲ တစ်လုံး၊ (၄) ခန်းတွဲ တစ်လုံးအား တံခါးပေါက်များ ပြုပြင်ခြင်း။	
၁၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းအိမ်သာ (၄) ခန်းတွဲ တစ်လုံး ထပ်မံ တည်ဆောက်ခြင်း။	

ကျေးရွာအုပ်စုအမည် - ခန္ဓီ			ကျေးရွာအမည် - ခန္ဓီ	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ်များ	
၂၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းခြံစည်းရိုး တည်ဆောက်ခြင်း (၁၄၀၀) ပေ။	ပထမ
၂၁	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦး အမြဲတမ်းရှိနေရန် လိုအပ်ခြင်း။	
၂၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ခန္ဓီ-ကုလားမခေါင်း-ခန္ဓီ-ပြင်ကြီး ကျေးရွာချင်းဆက်လမ်း (၃) မိုင်အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	ပြီးစီး
၂၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အောင်ချမ်းသာတံတား (၂၅၀' - ၆') အား ကွန်ကရစ်တံတား ပြုလုပ်ခြင်း။	ပြီးစီး
၂၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဘုရားကြီးလမ်း (၃၆၃) ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	ပြီးစီး
၂၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရုံးလမ်း (၁၅၄) ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	ပြီးစီး
၂၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဖုန်းရုံးလမ်း (၁၅၆) ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	ပြီးစီး
၂၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ငှက်သိုက်လမ်း (၁၉၂) ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	ပြီးစီး
၂၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဈေးလမ်း (၂၃၀) ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	ပြီးစီး
၂၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ဦးတင်မောင်လမ်း (၂၅၀) ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	ပြီးစီး
၃၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကမ်းနားလမ်း (၇၃၀'–၁၂'–၆'') အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	ဆောင်ရွက်ဆဲ(VDP)
၃၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျုံးကျုံးကျလမ်း ( ) ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	ဒုတိယ
၃၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	အောင်ချမ်းသာလမ်း ( ) ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။	တတိယ
၃၃	အခြေခံအဆောက်အဦ	သောက်သုံးရေ	အဝီစိတွင်း (၂) တွင်းတူးပြီး တောင်ပေါ်တွင် ရေကန်တစ်ကန် တည်ဆောက်ကာ ကျေးရွာလုံးကျွတ် ရေပေးဝေခြင်း။	

ကျေးရွာအုပ်စုအမည် - ခန္ဓီ			ကျေးရွာအမည် - ခန္ဓီ	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ်များ	
၃၄	အခြေခံအဆောက်အဦ	ဆက်သွယ်ရေး	တာဝါတိုင် တစ်တိုင် တည်ဆောက်ရန် ချိတ်ဆက်ခြင်း။	
၃၅	လျှပ်စစ်	ဆိုလာ အသေးစားစက်ရုံ	အသေးစားဆိုလာစက်ရုံဖြင့် ကျေးရွာလုံးကျွတ် မီးလင်းရေးအတွက် ဆောင်ရွက်ခြင်း။	ပြီးစီး
၃၆	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ် အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။	
၃၇	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၃၈	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ချရေးအတွက် ဟော ပြောပွဲများ ပြုလုပ်ခြင်း။	
၃၉	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာ စာကြည့်တိုက်/ လေ့လာရေးစင်တာတစ်ခု ဖန်တီးခြင်း။	
၄၀	သယံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	
၄၁				
၄၂				
၄၃				

နောက်ဆက်တွဲ (၁)

ခန္ဓီကျေးရွာ၊ ခန္ဓီကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစိုးနိုင်	ဦးသီးရာ	ဖ/ပလန (နိုင်) ၀၃၂၈၃၁	၅၁	နာယက	၀၉၄၉၈၇၀၂၀၀
၂	ဦး၀င်းခိုင်	ဦးစိန်ကြည်	ဖ/ပလန (နိုင်)	၄၀	နာယက	-
၃	ဦးဇော်မင်းလတ်	ဦးမြင့်စိုး	ဖ/ပလန (နိုင်) ၀၇၃၂၉၈	၃၄	ဥက္ကဋ္ဌ	၀၉၇၆၆၃၆၀၃၈၅
၄	ဦးမင်းသူ	ဦးမြသန်း	ဖ/ပလန (နိုင်) ၀၆၀၆၇၈	၄၈	အတွင်းရေးမှူး	၀၉၆၉၃၃၂၂၂၈၀၀

၅	ဒေါ်ချိုချိုမာ	ဦးလှိုင်တင်	ဖ/ပလန (နိုင်) ၀၃၅၄၉၂	၅၀	ဘဏ္ဍာရေးမှူး	၀၉၇၈၄၁၆၂၃၈၇
၆	ဒေါ်မြထွေး	ဦးကျော်သက်	ဖ/ပလန (နိုင်)	၄၀	စာရင်းကိုင်	-
၇	ဒေါ်မြင့်မြင့်ဝင်း	ဦးဖိုးဦး	ဖ/ပလန (နိုင်)	၄၃	စာရင်းစစ်	-
၈	ဦးသန်းစိုး	ဦးဖိုးသင်း	ဖ/ပလန (နိုင်) ၀၃၅၄၅၉	၅၁	အဖွဲ့ဝင်	-
၉	ဒေါ်ပုစီ	ဦးသန်းရှိ	ဖ/ပလန (နိုင်) ၀၄၀၄၉၆	၅၇	အဖွဲ့ဝင်	-
၁၀	ဦးမြင့်တင်	ဦးဘစိုး	ဖ/ပလန (နိုင်)	၅၀	အဖွဲ့ဝင်	-
၁၁	ဦးကိုင်	ဦးဖစိုး	ဖ/ပလန (နိုင်) ၀၄၃၅၇၈	၆၅	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၃	၂၂	၄၅
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၆၉	၅၂	၁၂၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၇၅	၅၈	၁၃၃
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၁၄	၁၀၃	၂၁၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၁၃	၄၄၂	၈၅၅
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၃၈	၄၉	၈၇
စုစုပေါင်း		**၇၃၂**	**၇၂၆**	**၁၄၅၈**
စုစုပေါင်း အိမ်ထောင်စု		**၃၀၀**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ခန္ဓီကျေးရွာတွင် အိမ်ထောင်စု (၃၀၀) စု၊ လူဦးရေ (၁၄၅၈) ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် နို့စို့အရွယ် (၃.၀၈%)၊ ၅ နှစ်အောက်ကလေးငယ် (၈.၃၀%)၊ မူလတန်းကျောင်းသားအရွယ် (၉.၁၂%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၄.၈၈%)၊ သက်ကြီးရွယ်ကြီး (၅.၉၇%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးလူဦးရေ၏ (၄၁.၃၆%) ရှိ၍ အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၄၁၃) ဦး၊ မ (၄၄၂)ဦး၊ စုစုပေါင်း (၈၅၅) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၅၈.၆၄%) ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၈၆) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် အနည်းငယ် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် အထောက်အပံ့ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်	ရပ်တည်နိုင်မှု (မှတ်ချက်ကို

		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၂	၆၀	၀	မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၇	၀	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၈၅	၁၀၂	၀	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၄၈	၆၀	၀	မြင့်☐လတ်☐နိမ့်☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၅	-	မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၅	၆	-	မြင့်☐လတ်☐နိမ့်☑
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၂၀	-	မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	၀	မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၅	၈	၅	မြင့်☐လတ်☐နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၁၁	၃	မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၀	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၇	၀	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၅	၁၅	၀	မြင့်□လတ်□နိမ့်☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၄	၄	၀	မြင့်□လတ်□နိမ့်☑
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၆၅	၈၀	၉၅	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်☑
	စုစုပေါင်း	**၃၀၀**	**၃၉၁**	**၁၀၃**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု"**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ခန္ဓိကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိက ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ အိမ်ထောင်စု အသင့်အတင့်သာ ရှိပြီး ရေလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ သုံးပုံတစ်ပုံခန့် ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်သူ (၂) အိမ်ရှိပါသည်။ အခြားအိမ်ထောင်စုများမှာ ကျောက်ထုတ်လုပ်ခြင်း၊ ထုတ်ကုန်များ ထုတ်လုပ် ခြင်း၊ လက်သမား၊ ပန်းရံ လုပ်ငန်းများ၊ ဆံပင်ညှပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ အလှပြင်ဆိုင်၊ စျေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြပြီး အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် ကျေးရွာပြင်ပတွင် သွားရောက်လုပ်ကိုင်နေ ကြသူများလည်း အတော်အသင့် များပြားပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၇၀၀၀		၅၀၀၀	

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊**ကျောက်ထုတ်**လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၇၀၀၀	-	၇၀၀၀	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၃၀၀၀	-	၆၅၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၁၀၀၀၀	-	၇၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ခန္ဓီကျေးရွာတွင် တံငါလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ ကျပန်း၊ အရောင်းအဝယ်၊ ပန်းရံ၊ ရုပ်ကောက်၊ ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်ကြပါသည်။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခပမာဏကို မသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၂	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၇၀	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☑
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၁၁၃**	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေအများစုမှာ လယ်မြေများဖြစ်ပြီး မြေဆီလွှာအရည်အသွေးညံ့သည့် အခြေအနေတွင် ရှိပါသည်။ မိုးစပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးသည်။ စိုက်ပျိုးမြေများသို့ ဆားငန်ရေဝင်ရောက်မှု ရှိသည့်အတွက် မြေဆီလွှာပျက်စီးခြင်းများ ကြုံတွေ့နေရပါသည်။ ပိုးမွှားရောဂါ ကျရောက်မှုရှိသည့်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာပေး ဟောပြောပွဲများ၊ သင်တန်းများ လိုအပ်နေပါသည်။ ကွမ်းသီးနှင့် ရော်ဘာပင်များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အသင့်အတင့်သာ လုပ်ကိုင်ကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ခန္ဓိကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ သဘာဝ အပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ ထွက်ရှိခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး၊ ကျောက်၊ သဲ၊ ကျောက်စရစ်များကို ကြပ်ကုန်းဆိပ်မှ သယ်ယူရောင်းချသူများရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၂၀**	**၁၀၀**	**၁၀၀**	**၈၀**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ခန္ဓိကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု (၃၀၀) အိမ်ရှိပြီး အဆင်ပြေသော အိမ်ထောင်စု (၂၀) အိမ်၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၇၀) အိမ် ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သော အိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

(ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၀	အခြားအစားပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = ၁၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၃၀	အခြားအစားပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ချေးယူ = ၃၀ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၁၄	အခြားအစားပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၄ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ခန္ဓီကျေးရွာတွင် မပြေလည်သော အိမ်ထောင်စု (၁၀၀) နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၈၀) ရှိပြီး ချေးယူ၍ ဖြေရှင်းကြသည်။ စုစုပေါင်း (၁၈၀) အိမ်ထောင်စု၏ (၃၀) ရာခိုင်နှုန်းကို စစ်တမ်းကောက်ယူမှုအရ ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းများဖြင့် မိသားစုစားဝတ်နေရေး ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၁	၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ခန္ဓီကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော အသက်ကြီးရွယ်အို

(၆၄) နှင့်အထက် ကျားတစ်ဦး၊ မတစ်ဦး ရှိပါသည်။ အမျိုးသမီးဦး:ဆောင်သည့် အိမ်ထောင်စုမှာ (၅၀) စုရှိပြီး ဆင်းရဲ၍ မိသားစုဦးရေများသည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုမှာ (၁၀) စု ခန့်ရှိပါသည်။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ခန္ဓီကျေးရွာတွင် သဘာဝအရင်းအမြစ် ထွက်ရှိမှု ရှားပါးပါသည်။ သဘာဝအရင်းအမြစ် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်း မရှိပါ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းများမရှိသော်လည်း ဆားငန်ရေဝင်ရောက်ခြင်း အနည်းငယ် ရှိပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု အနည်းငယ် ရှိသော်လည်း မွေး/ကုဋီစီးဌာနမှ ဆရာဝန်များနှင့် ချိတ်ဆက်ရမည့်နည်းလမ်းများကို မသိရှိခြင်းကြောင့် အခက်အခဲ အနည်းငယ် ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ တံတားမရှိသေးသဖြင့် ကူးတို့၊ စက်လှေတို့ဖြင့်သာ သွားလာနေရပြီး အတော်အသင့် ခက်ခဲမှု ရှိနေဆဲဟု ဆိုနိုင်ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
